# ပဏာမ နိဒါန်း

ကျွန်ုပ်သည် ကာမဘုံသားတို့၏ အရေးအကြီးဆုံးဖြစ်သော ကာမကိစ္စနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အခြင်းအရာတို့ကို လူပြိန်းများပါ အမြန်နားလည်စေရန်အတွက် ရှင်းရှင်းနှင့် ဘွင်းဘွင်းကြီး ရေးသားထားပေသည်။ ယောကျ်ားတို့သည် ကာမနှင့်ပတ်သက်၍ စိတ်ထကြွခြင်း၌ဖြစ်စေ၊ ကိစ္စပြီးဆုံးခြင်း၌ဖြစ်စေ မိန်းမများ၏ နှေးကွေးလေးကန်သော သဘာဝကိုလည်းကောင်း၊ မိန်းမစိတ် ထကြွစေရန်အတွက် ဂရုကထပြု၍ နှိုးဆော်ပေးရန်ကိုလည်းကောင်း မသိနားမလည်ရှာချေ။ မိန်းမများသည် ကာမစိတ် ပြင်းထန်တက်ကြွသောအခါ ယောကျ်ားတို့သည် ကာမစပ်ယှက်ခြင်းမှ ဖြစ်ပေါ်လာသော စည်းစိမ်သုခသည် ထူးကဲပိုမိုလာတတ်ခြင်းကိုလည်းကောင်း၊ ထိုကဲ့သို့ တက်ကြွစေရန် မိမိက မည်ကဲ့သို့ မိန်းမကိုပြုပေးရမည်ကိုလည်းကောင်း၊ မရိပ်မိမသိရှာကြသူများ များနေလေသည်။ ယောကျ်ားအချို့သည် ကာမစပ်ယှက်ခြင်းကိစ္စတွက် မိမိကိစ္စပြီးဆုံးလျှင် မိန်းမသည်လည်း ကိစ္စပြီးဆုံး၍ မိမိ၏ ကာမဝတ္တရားကုန်လေပြီဟု မှတ်ယူလေတော့သည်။

ထိုသို့သော ယောကျ်ားမျိုးသည် ကာမနှင့်ပတ်သက်၍ ကျပ်ပြည့်သုခကို မိန်းမဖြစ်သူလည်း မရစေနိုင်၊ မိမိကိုယ်တိုင်လည်း မခံစားရ၊ မိန်းမမှာလည်း မကြာမီအတွင်း ရိုးခြင်း၊ အီခြင်းဂသော အခြေအနေ



သို့ရောက်၍ ကာမစပ်ယှက်သောအခါတွင် အေးစက်စက်အမူအရာမျိုး ဖြစ်ပေါ်လာတတ်ပေသည်။ နဂိုက တဏှာစိတ် ထက်သန်လွန်းသော မိန်းမမျိုးဖြစ်ခဲ့ပါမူ အချိန်ကာလ အတော်ကြာအောင် မရိုးနိုင် မအီနိုင်ဘဲ ရှိနေတတ်သော်လည်း သာမန်မိန်းမတို့မှာ ကလေးပင်မွေးပြီးစေကာမူ အေးစက်စက်ပင် ရှိနေတတ်လေသည်။

ထိုထိုသော ချို့ယွင်းချက် အမျိုးမျိုးတို့မှ ကင်းလွတ်အောင် ကျွန်ုပ်သည် ကာမပညာဗဟုသုတ အရပ်ရပ်တို့ကို တစ်ခုမကျန် ရေးသားဖော်ပြထားရာ ဤကဲ့သို့ ရေးသားဖော်ပြထားခြင်းကို အချို့က ကြမ်းတမ်းလွန်းသည်ဟူ၍ ဆိုကြပေလိမ့်မည်။ သို့သော် လူမသိသော နေရာတို့၌ မိမိပြုကျင့်နေသော ကာမကိစ္စသည် လွန်စွာပင် ယဉ်ကျေးလှသည်၊ လွန်စွာပင်တတ်ကျွမ်းလှသည်ဟု ယူဆနေသူတို့အား စာရှုသူတို့သာလျှင် ဆုံးဖြတ်စီရင်ထိုက်ပေသည်။

လူတို့မည်သည်မှာ အဘယ်အတတ်ပညာမျိုးကိုမဆို တတ်သိနားလည်ထားက ကောင်းမြတ်လှပေသည်။ လူယောကျ်ား၊ လူမိန်းမတို့သည် ကာမဘုံသားများ ဖြစ်သည့်အားလျော်စွာ ကာမကိစ္စ ကာမပညာများနှင့် လွတ်ကင်းခြင်းငှာ မတတ်နိုင်။ ထိုကဲ့သို့ မလွတ်ကင်းနိုင်သောကိစ္စပညာမျိုးတွင် နားလည်မှုရှိထိုက်သည်မှာ လူတိုင်းဝန်ခံရပေလိမ့်မည်။ ထို့ကြောင့် ဤစာအုပ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် လူ့ဘဝ ချမ်းသာသုခကို မူးတင်းပဲတင်း မဟုတ်စေဘဲ ကျပ်လုံးပြည့် ခံစားရရှိစိမ့်သောငှာ ရေးသားလိုက်ခြင်း ဖြစ်ပေသတည်း။

## အို…အဆွေတော်

အဆွေတော်သည် အချိန်တန် အရွယ်ရောက်ပြီဖြစ်လျှင် အဆွေကား အသို့နည်း။ အဆွေ၏ရှေ့တွင် ထီးထီးမတ်မတ် အိမ်ထောင်ရေး၊ ကာမရေးလမ်းခရီးကြီးတစ်ခု တည်ရှိနေပြီကို အဆွေ သတိပြုမိပါ၏လော။ အဆွေတော်ကား သူသူ ငါငါ လူသတ္တဝါများအထဲက တစ်ယောက်ပင် မဟုတ်ပါသလော။ အဆွေသည် ကမ္ဘာလောက



ပတ်ဝန်းကျင်ကြီးတစ်ခုလုံးကို လွတ်အောင်ရုန်းမည့်သူ မဟုတ်ဘိမူကား အဆွေသည် ထိုအိမ်ထောင်ရေး၊ ကာမရေး ဒွန်တွဲနေသည့် လမ်းခရီးကို မည်သည့်နည်းနှင့်မျှ မလွန်ဆန်နိုင်တော့ချေ။ အဆွေတော် အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် ထိုလမ်းခရီးကို မသွားရ မနေနိုင်အောင် အဆွေတော်၏ကိုယ်မှ ထောင့်ငါးရာ မေတ္တာနတ်က စေခိုင်းနေချေပြီ။

အဆွေတော် သွားရမည်မှာ သေချာလှ၏။ ထိုလမ်းခရီးသည် သာယာကြည်နူးဖွယ် ကောင်းလိမ့်မည်ဟု အဆွေထင်ပေလိမ့်မည်။ ဘေးအန္တရာယ်များသော ကန္တာရဖြစ်နေကြောင်းကိုမူကား အဆွေသိတန်ကောင်းမှ သိပေလိမ့်မည်။ အဆွေသည် ကျွမ်းကျင်လိမ္မာသော ခရီးသည်တစ်ဦး ဖြစ်ဘိမူ ထိုဘေးအန္တရာယ်များကို လွန်မြောက်ရာ ဖြစ်သော သာယာအေးချမ်းသည့်လမ်းမှ သွားနိုင်ပေအံ့။

ကျွန်ုပ်သည် အဆွေတော်၏အကျိုးကို လိုလားသောအားဖြင့် အဆွေအား လမ်းခရီးညွှန်ကြားပါရစေ။ ဘေးအန္တရာယ်အမျိုးမျိုး ကာကွယ်တားမြစ်ရန် ပညာမျိုးစုံသော ဤစာအုပ်ကိုလည်း ပေးလိုက်ပါရစေ။

အို···အဆွေတော်၊ ကျွန်ုပ်ညွှန်ကြားချက်လမ်းခရီးနှင့် အကွယ်အကာပညာများကို လက်ကိုင်ထား၍ ထိုအိမ်ထောင်ရေး၊ ကာမရေး လမ်းခရီးကို အဆွေ ရဲဝံ့စွာ ရှေ့ရှုသွားလော့၊ အဆွေတော်အဖို့ စိုးရိမ်နောင့်၍ ကြောင့်ကြဖွယ်မရှိတော့ပြီတကား။

နန်းငွေ